# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ပထမနေ့အစီအစဉ်

## [ ၄-၇-၂၀၁၂ ] (ဗုဒ္ဓဟူးနေ့)(၁၀၀၀ နာရီ)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေး ဦး ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ဥပဒေနှင့်အညီ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြန်လည် ရွေးချယ်ခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **ဗဟိုဝန်ထမ်းတက္ကသိုလ်များ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် ဖျက်သိမ်းရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးထွန်းအောင်ခိုင်၊ ပေါက်တော မဲဆန္ဒနယ်၏ **မြစ်ချောင်းများအား လိုင်စင်စီ ဆွဲဝယ်ခြင်းများ ကင်းလွတ်ခွင့် ပြုပေးရန်** နှင့် စပ်လျဉ်း သည့်မေးခွန်း။

၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ အောက်ပါဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၆–၅–၂၀၁၂ ရက်မှ ၂၃–၅–၂၀၁၂ ရက်နေ့ထိ ဂျာမနီ၊ ဘယ်လ်ဂျီယန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ ဒိန်းမတ် နော်ဝေးနိုင်ငံများသို့ သက်ဆိုင်ရာပါလီမန်အကြီးအကဲများ၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဦး၊ ဒေါက်တာဝင်းမြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂ ဦးပါဝင်သော အဖွဲ့၏ ၁၅–၅–၂၀၁၂ မှ ၁၇–၅–၂၀၁၂ ထိ စင်ကာပူနိုင်ငံသို့ ပါလီမန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ၏ ၂၀–၅–၂၀၁၂ မှ ၂၆–၅–၂၀၁၂ ထိ ဩစတြေးလျနိုင်ငံသို့ လေ့လာရေးခရီး သွားရောက် ခဲ့သည့် ခရီးစဉ်။

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေခေါင်းဆောင်သော အဖွဲ့ဝင်၂ ဦး၏ ၂၄–၅–၂၀၁၂မှ ၂၅–၅–၂၀၁၂ ထိ တူရကီနိုင်ငံသို့ The Fifth International Parliamentarian's Conference on the Implementation of ICPD Programme of Action (IPCI- 2012) သို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ခေါင်းဆောင်သော အဖွဲ့ဝင် ၆ ဦး၏ ၂၉-၅-၂၀၁၂ မှ ၅-၆-၂၀၁၂ ထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်။

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၄ ဦး၏ ၆-၆-၂၀၁၂ မှ ၁၄-၆-၂၀၁၂ ထိ ဆွီဒင်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်။

၉။ ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်က **"ကဏ္ဍအသီးသီးနှင့်နယ်ပယ်အသီးသီး အတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင် ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက **" ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ က တင်သွင်းသော ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ က တင်သွင်းသော ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။